# ၄ ကလေးပြုစုစောင့်ရှောက်ခြင်း

## ၄-၁ နိုမီးဖွားပြီးနောက်စောင့်ရှောက်မှုဝန်ဆောင်မှုများ

ကျွန်ုပ်တို့သည် ဆေးရုံမှဆင်းသည်နှင့်တစ်ပြိုင်နက် မိခင်များနှင့် ကလေးငယ်များအား ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုနှင့် ကလေးပြုစုစောင့်ရှောက်မှုများကို ပံ့ပိုးပေးပါသည်။

- အကောင်အထည်ဖော်မှုနည်းလမ်းများနှင့်တည်နေရာ

(၁) နေထိုင်ရာ- စောင့်ရှောက်မှုနှင့် အထောက်အပံ့များရရှိရန် ဆေးရုံ သို့မဟုတ် သားဖွားစင်တာတွင် နေနိုင်ပါသည်။

(၂) နေ့ဝန်ဆောင်မှု- ပြင်ပလူနာအဖြစ် စောင့်ရှောက်မှုနှင့် ပံ့ပိုးကူညီမှုရရှိရန် နေ့အချိန်အတွင်း စောက်ရှောက်ရေးစင်တာသို့ သွားရောက်နိုင်ပါသည်။

(၃) ကွင်းဆင်းလေ့လာခြင်း- ဝန်ထမ်းတစ်ဦးသည် သင့်အိမ်ကို စောင့်ရှောက်မှုနှင့် ပံ့ပိုးကူညီမှုပေးရန် လာရောက်မည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များသည် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အပေါ်မူတည်၍ ကွဲပြားသောကြောင့် ပိုမိုသိရှိလိုပါက သင့်ရပ်ကွက် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့သို့ ဆက်သွယ်ပါ။.

## ၄-၂ နို့စို့ကလေးအားကျန်းမာရေးစစ်ဆေးခြင်း

သက်ဆိုင်ရာမြို့နယ်ရပ်ကွက်ကျေးရွာရုံးများတွင် အောက်ပါတို့ကိုအခမဲ့ပြုလုပ်နိုင်သည်။

- ၁နှစ်နှင့်၆လကလေးများအား ကျန်းမာရေးစစ်ဆေးခြင်း
- ၃နှစ်ကလေးများအား ကျန်းမာရေးစစ်ဆေးခြင်း
- မြို့နယ်ရပ်ကွက်ကျေးရွာအလိုက် အခြားလသားအရွယ်နို့စို့ကလေးများလည်း ကျန်းမာရေး စစ်ဆေးမှုခံယူနိုင်သည့် အခါများ ရှိတတ်သည်။

* ဆေးစစ်ခြင်းတွင် ကလေးဖွံ့ထွားမှု၊ ဖွံ့ဖြိုးမှုကိုစစ်ဆေးခြင်း၊ အရပ်နှင့်ကိုယ်အလေးချိန်တိုင်းတာ ခြင်း၊ ကလေးပြုစုစောင့်ရှောက်ရေးဆိုင်ရာ ဆွေးနွေးမှုများပါဝင်သည်။ အသေးစိတ်ကို သက်ဆိုင် ရာ မြို့နယ်ရပ်ကွက်ကျေးရွာရုံးတို့တွင် မေးမြန်းစုံစမ်းပါ။

# ၅ ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်းနှင့် ကလေးပြုစုပျိုးထောင်မှုအတွက် တိုင်ပင်ဆွေးနွေး ခြင်းဝန်ဆောင်မှုများ

## ၅-၁ ကလေးများနှင့် မိသားစုစင်တာများ စသည်

ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ၏ တိုင်ပင်ဆွေးနွေးခြင်းဝန်ဆောင်မှု(ကလေးများနှင့် မိသားစုစင်တာများကဲ့သို့) တွင် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးပြုစုပျိုးထောင်သူမိဘများနှင့် ကလေးများသည် ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်းနှင့် ကလေးပြုစုပျိုးထောင်မှုဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်းဝန်ဆောင်မှုများ မိသားစုနှင့် ကျောင်းနေဘဝနှင့် ပတ်သက်သော ပြဿနာများကို တိုင်ပင်ဆွေးနွေးပြီး အကူအညီများကို ရယူနိုင်ပါသည်။ ပြည်သူ့ကျန်းမာရေး သူနာပြုများသည် ကလေးမမွေးမီနှင့် ကလေးမွေးဖွားပြီးနောက် ကိစ္စရပ်များနှင့် မွေးကင်းစကလေးငယ်များနှင့် ကလေးငယ်များ၏ ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများကို ပံ့ပိုးပေးနိုင်ပါသည်။

ကလေးပြုစုပျိုးထောင်ခြင်းဆိုင်ရာအပြင် စိုးရိမ်မှုအမျိုးမျိုးအတွက် ပံ့ပိုးကူညီပေးနိုင်သည်။အသေးစိတ်အချက်အလက်များအတွက် ကျေးဇူးပြု၍ သင့်၏ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ၏ ဝဘ်ဆိုဒ်တွင် ဝင်ရောက်ကြည့်ရှုပါ။

## ၅-၂ ဒေသဆိုင်ရာ ကလေးပြုစုပျိုးထောင်ရေး အထောက်အကူပြုစင်တာများ

ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များသည် မိဘများနှင့်ကလေးများ အချင်းချင်းဆက်ဆံရေးဖော်ဆောင်နိုင်သောနေရာများကို၊ အများပြည်သူအဆောက်အဦများ၊ ကလေးထိန်းသိမ်းရေးစင်တာများ၊ ကလေးစင်တာများ(ဒေသဆိုင်ရာ ကလေးပြုစုပျိုးထောင်ရေး အထောက်အကူပြုစင်တာများ) ကဲ့သို့သော နေရာများကိုစီစဉ်ထားပြီး ကလေးပြုစုပျိုးထောင်မှုဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများနှင့် အချက်အလက်များကို ပံ့ပိုးပေးပါသည်။

အသေးစိတ်အချက်အလက်များအတွက် ကျေးဇူးပြု၍ သင့်၏ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ၏ ဝဘ်ဆိုဒ်တွင် ဝင်ရောက်ကြည့်ရှုပါ။